# မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် စဉ်ဆက် မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဆက်ဆံရေးများတိုးတက်ကောင်း မွန်စေခြင်း စီမံကိန်း (ILO - GIP)

International Labour Organization

**နိဒါန်း**

***၂၀၁၈ ခုနှစ်၊ မေလ***



မြန်မာ့အထည်ချုပ်လုပ်ငန်းသည် ကုန်ပစ္စည်းထုတ်လုပ်မှုဖြင့် အလုပ်အကိုင်ဖန်တီးပေးသည့်လုပ်ငန်းတွင် နိုင်ငံတော်၏ထိပ်တန်းလုပ်ငန်းတစ်ခုဖြစ် သည်။ ယင်းလုပ်ငန်း၏ပြည်ပပို့ကုန်တန်ဘိုးသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၁၂ သန်းအထိမြင့်တက်ခဲ့ပြီး (၂၀၁၀ ခုနှစ်တွင် အမေရိ ကန်ဒေါ်လာ ၃၄၉ သန်းရှိခဲ့ရာမှ)၊ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁. ၅ ဘီလီယံအထိမြင့်တက်လာခဲ့ပြီဖြစ်သည်။ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ၎င်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင်၊ ပါဝင်သက်ဆိုင်သူများအားလုံး အနေဖြင့် အထည်ချုပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူမှုရှိပြီး၊ ကျင့်ဝတ်များနှင့်အညီ အတူတကွလုပ်ဆောင်နိုင်ကြမည်ဆိုပါက၊ အထည်ချုပ်လုပ်ငန်း၏ပြည်ပပို့ ကုန်တန်ဘိုးသည် ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ - ၁၀ ဘီလီယံအထိမြင့်တက်လာ နိုင်သည်ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက အခိုင်အမာဆိုထားပါသည်။ ခန့်မှန်းခြေအားဖြင့် မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် အလုပ်သမားပေါင်း ၄၀၀၀၀၀ ခန့်သည် စက်ရုံပေါင်း ၄၅၀ ခန့်တွင် အလုပ်လုပ်ကိုင်လျက်ရှိကြပြီး၊ ယင်းအနက် ၉၀ % သည် ငယ်ရွယ်သူအမျိုးသမီးများဖြစ်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် လက်လီရောင်းချခြင်းလုပ်ငန်းများပြီးလျှင် ကုန်ထုတ်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းသည် အမျိုးသမီးများအလုပ်အကိုင်ရရှိရေးအတွက် တတိယ အရေးအကြီးဆုံးလုပ်ငန်းကဏ္ဍဖြစ်သည်။

မြန်မာနိုင်ငံတွင် တရုတ်နှင့် ဟောင်ကောင်တို့မှ အထည်ချုပ်စက်ရုံများ များပြားလာခြင်းသည် အရေးပါသည့်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ အထည်ချုပ်လုပ်ငန်းတိုးတက်မြင့်မားလာခြင်းကို ဖော်ပြနေပါသည်။ မြန်မာနိုင်ငံ၏ကုန်သွယ်လုပ်ငန်းချိန်မျှမှုရှိစေရေးအတွက် အထည်ချုပ်လုပ်ငန်း၏အရေးပါမှုသည် ကြီးမားသည့်အနေအထားတွင်ရှိနေပါသည်။ ၂၀၁၂ ခုနှစ်ကတည်းကစပြီး အထည်ချုပ်လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံမှုကြောင့် မြန်မာ့အထည်ချုပ်လုပ်ငန်းသည် အာရှဈေးကွက်သာမကဘဲ၊ အခြားသောခိုင်မာသည့်အခြေခံဈေးကွက်များကိုပြန်လည်ဖြန့်ကြက်နိုင်ခဲ့ပါသည်။ အထူးသဖြင့်၊ ဥရောပဈေးကွက်ဖြစ်ပါသည်။ သို့ရာတွင်၊ ဂျပန်နိုင်ငံသည်လည်း အရေးပါသည့်ပြည်ပပို့ကုန်ဈေးကွက်တစ်ခုအနေဖြင့် တည်ရှိနေဆဲဖြစ်ပါသည်။ ပြည်ပပို့ကုန်၏ ၆၀ % နီးပါးသည် ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် ဟောင်ကောင်နိုင်ငံများသို့တင်ပို့ခြင်းဖြစ်ပါသည်။ ဥရောပသမဂ္ဂနိုင်ငံများအနက်၊ ဂျာမဏီနိုင်ငံသည် မြန်မာနိုင်ငံမှထုတ်လုပ်သည့်အဝတ်အထည်များအတွက် အရေးအပါဆုံးသော ဈေးကွက်ဖြစ်ပြီး၊ ဥရောပသမဂ္ဂနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်ပမာဏ၏ ၃ ပုံ ၁ ပုံဖြစ်ပါသည်။ စပိန်နိုင်ငံသည် ဒုတိယအရေးပါသည့် ဈေးကွက်ဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၁၂ % ရှိပါသည်။

## ***အိုင်အယ်(လ်)အို အထည်ချုပ်လုပ်ငန်းစီမံကိန်း (ILO-GIP)***

အိုင်အယ်(လ်)အို အထည်ချုပ်လုပ်ငန်းစီမံကိန်းအနေဖြင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် လုပ်ငန်းခွင်ဆက်ဆံရေးများနှင့် အပြန်အလှန်ဆွေးနွေးပြောဆမှုများတိုးတက်ကောင်းမွန်စေခြင်းအားဖြင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် အမျိုးသမီးအထည်ချုပ်အလုပ်သမားများအတွက လုပ်ပိုင်ခွင့်ပိုမိုရရှိစေရန်မျှော်မှန်းပါသည်။

စီမံကိန်းအနေဖြင့် ဆောင်ရွက်စရာလုပ်ငန်းစဉ်များကို စက်ရုံအလုပ်ရုံအဆင့်နှင့် လုပ်ငန်းကဏ္ဍအဆင့်များတွင် စီစဉ်ဆောင်ရွက်သွားပါမည်။

စီမံကိန်း၏ခိုင်မာသည့်မျှော်မှန်းချက်များမှာ -

၁. စုပေါင်းညှိနှိုင်းဆွေးနွေးတောင်းဆိုမှုအပါအဝင် လုပ်ငန်းခွင်ပူးပေါင်းဆောင်ရွက်ရေးတွင် အရေးပါသည့် အခြား ကုန်ထုတ်စွမ်းအားတိုးမြှင့်ခြင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားမှုတားဆီးရေးနှင့် အပြန်အလှန်ဆွေးနွေးပြောဆိုမှုတွင် အမျိုးသမီးများပါဝင်ရေးကို အဟန့်အတားဖြစ်စေသည့် လိင်မှုဆိုင်ရာနှင့်မျိုးဆက်ပွားကျန်းမာရေးတို့နှင့်စပ်လျဉ်းပြီး လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ရွေးချယ်ထားသည့်စက်ရုံများတွင်ခိုင်မာသည့်လုပ်ငန်းခွင်ဆက်ဆံရေးအလေ့အကျင့်များတည်ဆောက်ရန်အတွက် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များကို ပံ့ပိုးကူညီခြင်း၊



၂. လုပ်ငန်းကဏ္ဍအဆင့် တွင် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများကို ယင်းတို့၏အဖွဲ့ဝင်များအား ၎င်းတို့အနေဖြင့်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးရန်နှင့် ခိုင်မာသောလုပ်ငန်းခွင်ဆက်ဆံရေး နှင့် အပြန်အလှန်ဆွေးနွေး ပြောဆိုမှုများတိုးတက်ကောင်းမွန်စေရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊

၃. အထည်ချုပ်လုပ်ငန်းနှင့်ဆက်စပ်သည့် မိတ်ဖက်အဖွဲ့အစည်းများအတွက် ခိုင်မာသည့်လုပ်ငန်းခွင်ဆက်ဆံရေးနှင့်အပြန်အလှန်ဆွေးနွေးပြောဆိုမှုတို့ပတ်သက်ပြီး၊လုပ်ငန်းကဏ္ဍအဆင့် သင်တန်းအစီအစဉ်ကို ရေးဆွဲလျက် သင်ကြားပို့ချခြင်း၊

၄. အလုပ်သမားဥပဒေနှင့် လုပ်ငန်းခွင်ဆိုင်ရာအခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်ပြီး၊ အထည်ချုပ်အလုပ်သမားများကို သင်တန်းအစီအစဉ်ရေးဆွဲလျက် သင်ကြားပို့ချ ခြင်း၊


## စီမံကိန်းအနေဖြင့် အထည်ချုပ်လုပ်ငန်းကဏ္ဍမှ အခြားလူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်မှု

ခိုင်မာသည့်လုပ်ငန်းခွင်ဆက်ဆံရေးနှင့် အပြန်အလှန်ဆွေးနွေးပြောဆိုမှုများနှင့်ပတ်သက်ပြီး၊ စက်ရုံအဆင့်နှင့် လုပ်ငန်းကဏ္ဍအဆင့် လေ့ကျင့်သင်ကြားမှုဆိုင်ရာသင်တန်းတွင်ပါဝင်မည့် အကြောင်းအရာများရေးဆွဲရန်ရည်ရွယ်လျက်၊ အိုင်အယ်(လ်)အိုအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် အမျိုးသားအဆင့် သုံးပွင့်ဆိုင် အပြန်အလှန်ဆွေးနွေးပြောဆိုမှုဆိုင်ရာဖိုရမ်၏ အတည်ပြုပံ့ပိုးမှုကို ရရှိခဲ့ပြီးဖြစ်ပါသည်။

### *စက်ရုံအဆင့် လုပ်ဆောင်မည့်အစီအစဉ်များ*

စီမံကိန်း၏သင်တန်းအစီအစဉ်တွင် သင်တန်းခေါင်းစဉ်အကြောင်းအရာ ၅ ခုပါရှိပါသည်။ ယင်းတို့မှာ အလုပ်ရှင်အလုပ်သမားအပြန်အလှန်အကျိုးကျေးဇူးရရစေမည့် စုပေါင်းညှိနှိုင်း ဆွေးနွေးတောင်းဆိုခြင်းအပါအဝင် လုပ်ငန်းခွင်ဆက်ဆံရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအား၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားခြင်း၊ လိင်မှု ဆိုင်ရာနှင့်မျိုးဆက်ပွားကျန်းမာရေးတို့ဖြစ်သည်။

သင်တန်းအစီအစဉ်သည် စက်ရုံအတွင်း မတူညီသည့်လူအစုအဖွဲ့များကို ဦးတည်ရည်ရွယ်ပါသည်။ သို့ရာတွင်၊ ဦးစားပေးဆောင်ရွက်ရမည့်အတိုင်း အိုင်အယ(လ်)အို၏ အထည်ချုပ် လုပ်ငန်းစီမံကိန်းသည် လုပ်ငန်းခွင်တွင် အလုပ်ရှင်အလုပ်သမားနှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်နှင့် အထူးသဖြင့် အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီအားကောင်းလာစေရန်အတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။




### *ယနေ့အချိန်အထိ ပြီးမြောက်အောင်မြင်မှု ဆောင်ရွက်ချက်များ*

- ILO-GIP စီမံကိန်းသည် စက်ရုံပေါင်း ၇၉ ရုံတွင် စက်ရုံအဆင့်အခြေခံအကဲဖြတ်ဆန်းစစ်မှုတစ်ရပ်ကိုပြုလုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအကဲဖြတ်ဆန်း စစ်မှုသည် ယနေ့အချိန်အထိ စက်ရုံအရေအတွက်၊ သတင်းပေးသူများအားလူတွေ့မေးမြန်းခြင်းနှင့် အကဲဖြတ်ဆန်းစစ်မှုနယ်ပယ်နှင့်ပတ်သက်ပြီး အရေးအပါဆုံး ဆန်းစစ်မှုတစ်ခုဖြစ်သည်။ ယင်းသည် အလုပ်ရှင်နှင့် အလုပ်သမားတို့ကဖော်ပြသည့် သတင်းအချက်အလက်များကိုနှိုင်းယှဉ်ခြင်းအတွက် အဖိုးတန်သည့်အကြောင်းအရာလည်းဖြစ်သည်။ မကြာမီအချိန်တွင် အစီရင်ခံစာကို တင်ပြသွားပါမည်။
- ILO-GIP စီမံကိန်းသည် စက်ရုံ ၁၆ ရုံတွင် ကျား၊ မ တန်းတူညီမျှရှိမှုနှင့်ပတ်သက်ပြီး အကဲဖြတ်ဆန်းစစ်မှုဆောင်ရွက်ပြီးဖြစ်ပါသည်။ ထွက်ပေါ်လာသည့်ရလဒ်များနှင့်ပတ်သက်ပြီးအထည် ချုပ်လုပ်ငန်း လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားသောပါဝင်သက်ဆိုင်သူများကိုဖော်ပြပြီးဖြစ်ပါသည်။ အစီရင်ခံစာကိုမကြာမီတင်ပြသွားပါမည်။

Pyoe Pin နှင့် Business Kind Myanmar တို့နှင့်မိတ်ဖက်ပြုလျက်၊ ILO-GIP စီမံကိန်းသည် အထည်ချုပ်အလုပ်သမားများကိုရည်ရွယ်ဦးတည်လျက် အလုပ်သမားဥပဒေ၊ လုပ်ငန်းခွင် ဆိုင်ရာအခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်ပြီး ၄၅ နာရီကြာသင်တန်းအစီအစဉ်ကို ရေးဆွဲခဲ့ပြီးဖြစ်သည်။ ယခုအချိန်တွင် ယင်းသင်တန်းအစီအစဉ်ကို Aung Myin Hmu သင်တန်းကျောင်းတွင် ဆက်လက်သင်ကြားပို့ချလျက်ရှိပါသည်။

ပိုမိုသိရှိလိုပါက၊ အောက်ပါအတိုင်းဆက်သွယ်နိုင်ပါသည်။

- Ms Catherine Vaillancourt-Laflamme
  နည်းပညာဆိုင်ရာအကြံပေးအရာရှိ
- မအေးသက်ဦး - စီမံကိန်းညှိနှိုင်းရေးမှူး

**အိုင်အယ်(လ်)အိုညှိနှိုင်းဆက်သွယ်ရေးရုံး (မြန်မာ)**

လိပ်စာ - အမှတ် ၁ (က)၊ ကန်ဘဲ့ (သစ္စာ)လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

အီးမေးလ် - vaillancourt-laflamm@ilo.org |

တယ်လီဖုန်း - +95 1 233 6538, ext. 220 |

ဖက်(စ) - +95 1 233 658 2226 | လက်ကိုင်ဖုန်း - +95 99 7722 0858

ဝက်(ဘ)ဆိုက် - http://bit.ly/ILO-GIP

### စီမံကိန်းဆိုင်ရာအချက်အလက်များ

**အလှူရှင်** - ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် H&M

**စီမံကိန်းအမည်အတိုကောက်** - ILO-GIP

**စတင်သည့်ရက်** -၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်

**ပြီးဆုံးမည့်ရက်** - ၂၀၂၀ ခုနှစ်၊ မတ်လ ၃၀ ရက်

**ဘတ်ဂျက်** - အမေရိကန်ဒေါ်လာ ၂.၄၆၈ သန်း

**မိတ်ဖက်အဖွဲ့အစည်းများ** - အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ IWFM/CTUM နှင့် MICS ၊ သက်ဆိုင်ရာအထည်ချုပ်လုပ်ငန်းကဏ္ဍမှ ပါဝင်သက်ဆိုင်သူများ။

**စီမံကန်းတည်နေရာ** - ရန်ကုန်မြို့၊ မြန်မာ